သတင်းထုတ်ပြန်ချက်

FORTIFY RIGHTS

# နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) အဖွဲ့ဝင်နိုင်ငံများ - မြန်မာနိုင်ငံရှိ ရခိုင်ဒေသခံများအား လတ်တလော တိုက်ခိုက်မှုများအပေါ် တာဝန်ယူမှု ရှိစေရေး

## ရိုဟင်ဂျာကျေးရွာ၌ တိုက်ခိုက်မှုအတွင်း ဒေသခံအများအပြား သေဆုံးဒဏ်ရာရမှုအတွက် တာဝန်ရှိတပ်ရင်းများအား ဖော်ထုတ်ခဲ့ကြောင်း

(ရန်ကုန်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့၊ ၂၀၂၄ ခုနှစ်) - မြန်မာတော်လှန်ရေး၏ လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်နေသည့် လက်နက်ကိုင်အဖွဲ့များအားလုံးသည် ဒေသခံများကို ကာကွယ်သင့်ကြောင်းနှင့် နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံ၏အခြေအနေကို ရောမသဘောတူစာချုပ် အပိုဒ် ၁၄ အရ အစိုးရရှေ့နေချုပ်ထံ လွှဲပြောင်းသင့်ကြောင်းကို Fortify Rights မှ ယနေ့ပြောကြားခဲ့သည်။ Fortify Rights ၏ စာတမ်းပြုစုချက်အရ ဒေသခံများအပေါ် မဆင်မခြင်တိုက်ခိုက်သတ်ဖြတ်မှုများ၊ နေအိမ်ဖျက်ဆီးမှုများနှင့် မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မြောက်ဘက်ရှိ ရိုဟင်ဂျာမွတ်စလင်မ် အများစု နေထိုင်ရာကျေးရွာ ဖုံညိုလိပ်ရွာအတွင်း၌ အတင်းအကြပ်ဖယ်ရှားမှုများကို မြန်မာစစ်ကောင်စီတပ်သည် ဇန်နဝါရီလ ၂၅ ရက်နေ့မှစ၍ လေးရက်တိုင်တိုင်ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါတိုက်ခိုက်မှုများသည် စစ်ရာဇဝတ်မှု မြောက်နိုင်သည်။

"စစ်ဥပဒေဆိုတာဟာ စစ်ကောင်စီတပ်များအပါအဝင် ပဋိပက္ခမှာပါဝင်သူအားလုံးတို့နဲ့ သက်ဆိုင်ပြီး ဖြစ်နိုင်ပါက အခြေအနေတိုင်းမှာ ပြည်သူတွေကို ဖြစ်လာမယ့် တိုက်ခိုက်မှုတွေနဲ့ ပတ်သက်ပြီး ကြိုတင်အသိပေးခြင်းရှိရမယ်" လို့ Fortify Rights ၏ ဒါရိုက်တာတစ်ဦးဖြစ်သူ John Quinley မှ ပြောကြားခဲ့သည်။ "ကျွန်တော်တို့ရဲ့လတ်တလောစုံစမ်းစစ်ဆေးမှုအရ ဆိုရရင် စစ်ကောင်စီတိုက်ခိုက်မှုတွေရဲ့ ထိရောက်တဲ့ သတိပေးချက်သာရှိခဲ့ရင် လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့မှာပါ။ စစ်ကောင်စီရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေက နေ့စဉ်နှင့်အမျှ ဖြစ်ပွားလျက်ရှိပါတယ်။ ICC အဖွဲ့ဝင်နိုင်ငံ

တွေဟာ ဒီအခြေနေကို တရားရုံးကိုအမြန်ဆုံး လွဲပြောင်းပေးသင့်တယ်။ အခုလို တိုက်ခိုက်မှုတွေကို လက်မခံနိုင်စရာဖြစ်တာကို ကျွန်တော်တို့တွေအားလုံး စစ်ကောင်စီကို သတိပေးသင့်တယ်။"

မြန်မာ စစ်ကောင်စီတပ်မှ ရခိုင်ပြည်နယ် မြောက်ဘက် ဘူးသီးတောင်မြို့နယ်ရှိ ဖုံညိုလိပ် ကျေးရွာအား ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှ စတင်၍ လေးရက်ဆက်တိုက် လက်နက်ကြီးများဖြင့်ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။ ၎င်းတိုက်ခိုက်မှုဟာ ရခိုင်ပြည်နယ် တိုင်းရင်းသားကာကွယ်ရေးအင်အားစုဖြစ်သည့် ရက္ခိုင့်တပ်တော် (AA) က ၂၀၂၄ ခုနှစ် ဇန္နဝါရီလ ၂၄ ရက်နေ့မှာ ဖုံညိုလိပ် ကျေးရွာအတွင်း၌ ယာယီ ကတုတ်ကျင်းများတူးပြီးနောက်ပိုင်း စတင်ခဲ့ခြင်း ဖြစ်သည်။ စစ်ကောင်စီတပ်၏ လေးရက်ကြာပစ်ခတ်မှုသည် ဒေသခံ ၄၄ ဦးအား ထိခိုက်စေခဲ့ပြီး ရိုဟင်ဂျာမျိုးနွယ်ဝင် ၁၂ ဦးသေဆုံးကာ၊ အနည်းဆုံးကလေး ၈ ဦး အပါအဝင် ၃၂ ဦးဒဏ်ရာရခဲ့သည်။ မြေပြင်မှ သတင်းပေးချက်များအရ ဤတိုက်ခိုက်မှုများသည် ဖုံညိုလိပ်နှင့်အနီးအနားရွာက ကလေးသူငယ်အပါအဝင် ဒေသခံ ၁၅,၀၀၀ အား နေရာရွှေ့ပြောင်းစေခဲ့ပြီး များပြားသော နေအိမ်စည်းစိမ်များအားလည်း ပျက်စီးဆုံးရှုံးစေခဲ့သည်။

လူမှုဝန်ထမ်း တစ်ဦးနှင့် ဖုန်ညိုလိပ်ဒေသခံတစ်ဦး၏ ဖော်ပြချက်အရ ရွာရှိ ခန့်မှန်းအိမ်ခြေ ၁,၀၀၀ ကျော်အနက် ၄၁ အိမ် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။ အရပ်သားသေဆုံးသူများ၊ အသက်ရှင်ကျန်ရစ်သူများ၏ အမည်များနှင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များ နှင့် စည်းစိမ်ဥစ္စာ ဖျက်ဆီးခံရသော ပိုင်ရှင်တို့၏အမည်များ ကိုလည်း Fortify Rights ၏မှတ်တမ်းဖိုင်ထဲတွင် သိမ်းဆည်းထားသည်။ ၎င်းတို့၏ ဆုံးရှုံးမှုများအတွက် ပြန်အလျော်ရသင့်သည်။

မြန်မာစစ်ကောင်စီ ခြေမြန်တပ်မ ၂၂၊ ခြေမြန်တပ်ရင်း ခမရ ၅၅၁ နှင့်တပ်မတော်စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်-စကခ ၁၅ တို့သည် ဤတိုက်ခိုက်မှုများအတွက် တာဝန်ရှိသည်ဟု Fortify Rights မှ ယုံကြည်ပြီး ထိုရာဇဝတ်ပြစ်မှုများအတွက် စစ်ဆေးမေးမြန်းခံရသင့်သည်။

၂၀၂၄ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း၌ Fortify Rights မှ ဖုံညိုလိပ်ကျေးရွာရှိ ရိုဟင်ဂျာ ဒေသခံ ၄ ဦး အပါအဝင် တိုက်ပွဲအတွင်း အသက်ရှင်ကျန်ရစ်သူ ရိုဟင်ဂျာလူမျိုး ၆ ဦးအား ဖြစ်ကြောင်း ကုန်စင်မေးမြန်းခဲ့သည်။ Fortify Rights မှ တိုက်ခိုက်မှုအတွင်း ဒဏ်ရာရရှိသူ အမျိုးသမီး၊ အမျိုးသားနှင့် ကလေးသူငယ်များ အပါအဝင် မီးဘေးသင့် အဆောက်အအုံနှင့် အိုးအိမ်ပျက်စီး

ဆုံးရှုံးမှုများ၏ မိုဘိုင်းဖုန်း မှတ်တမ်းဓာတ်ပုံ၊ ဗီဒီယို အများအပြားကိုလည်း ပြန်လည်ဆန်းစစ်ကြည့်ရှုခဲ့သည်။

ဖုံညိုလိပ်ရွာခံများမှ Fortify Rights ကို ပြောကြားခဲ့သည်မှာ AA က ဇန်နဝါရီလ ၂၄ ရက်နေ့မှာ ရွာအတွင်း ယာယီကတုတ်ကျင်းများတူးခဲ့သော်လည်း ဒေသခံများကိုမူ ဘေးကင်းရာသို့ ပြောင်းရွှေ့ရန် လိုအပ်ကြောင်း ကြိုတင်သတိပေးခြင်းမရှိခဲ့ပေ။ ဒေသခံတစ်ဦး၏ Fortify Rights အားပြောကြားပုံ အရဆိုရင် “ဇန်နဝါရီလ ၂၆ ရက်နေ့ မနက် ၃ နာရီ ဝန်းကျင်လောက်မှာ AA က ကျွန်တော်တို့ရွာကိုလာပြီး တောင်ဘက်ခြမ်းတစ်ဝိုက်ကို တပ်ဖြန့်ထားလိုက်တယ်၊ ပြီးတော့ ကတုတ်ကျင်းတွေ စတူးတယ်၊ နောက်တော့ သူတို့တွေက ကျွန်တော်တို့ရွာတစ်ဝိုက်မှာ နေရာယူလိုက်တော့တာပဲ။ အဲ့ဒါပြီးတော့ AA က ရွာထဲဝင်လာပြီး ဘာအကြောင်းပြချက်မှမရှိပဲ သေနတ်တွေကို မိုးပေါ်ထောင်ပစ်သွားတယ်၊ အဲ့တော့ မြန်မာစစ်ကောင်စီတပ်ဘက်ကလည်း အမြောက်တွေနဲ့ တရစပ် ပြန်ပစ်တယ်"လို့ သိရပါတယ်။

နောက်ထပ်ဒေသခံတစ်ဦးမှ Fortify Rights ကို “AA က ကျွန်တော်တို့ရွာသားတွေကို ဘေးကင်းရာ တိမ်းရှောင်နေဖို့ ဘာမှကြိုအကြောင်းကြားတာမျိုးတွေ မရှိခဲ့ဘူး" လို့ပြောကြားခဲ့ပါတယ်။"

"ကျွန်တော့်ရွာက ရိုဟင်ဂျာတွေ အများကြီး အသတ်ခံလိုက်ရတယ်” ဟု ဖုံညိုလိပ်ကျေးရွာနေ ၂၂ နှစ်အရွယ် လယ်သမားတစ်ဦးက ဆိုသည်။ ၎င်းမှ Fortify Rights ကို ပြောကြားသည်မှာ -

> ကျွန်တော်ကိုယ်တိုင် မြင်လိုက်ရတာတင် စုစုပေါင်း အလောင်း ၁၀ လောင်းထက်ပိုတယ်။ ပစ်ခတ်မှုက အရမ်းပြင်းထန်လွန်းလို့ ကျွန်တော်နဲ့ တခြားသူတွေတောင် နောက်အလောင်းတွေနဲ့ ဒဏ်ရာရတဲ့သူတွေကို မရှာလိုက်နိုင်ခဲ့ဘူး။ နှစ်ထပ်တိုက်ခေါင်မိုးပေါ်ထိ ဦးနှောက်အပိုင်းအစတွေ လွင့်ထွက်သွားတာကို ကျွန်တော်တွေ့လိုက်ရတယ်။ ဒီစစ်ကောင်စီတပ်ရဲ့ ပစ်ခတ်မှုက တော်တော်ကြီးကို ပြင်းထန်လွန်းပါတယ်။

အဆိုပါတိုက်ခိုက်မှုတွေသည် ၎င်းနှင့် ၎င်းမိသားစုအား အတင်းအကျပ် နေရာရွှေ့ပြောင်းစေခဲ့သည်။ ဆက်လက်ပြီး ၎င်းပြောကြားသည်မှာ "ပစ်ခတ်မှုတွေ ပိုပိုပြီး ပြင်းထန်လာတဲ့ ကြားကနေပဲ ကျွန်တော့်

မိသားစုနဲ့ ကျွန်တော် ထွက်ပြေးလွတ်မြောက်ခဲ့တယ်။ ကျွန်တော့်ပိုင်ဆိုင်မှုတွေ ဘာတစ်ခုမှ မယူခဲ့လိုက်နိုင်ဘူး။ ကျွန်တော် အားလုံးကို ရွာမှာပဲ ထားခဲ့လိုက်ရတယ်။"

အဆိုပါ ၂၂ နှစ်အရွယ် အမျိုးသား၏ Fortify Rights ကို ထပ်မံပြောကြားချက်များအရဆိုလျှင် လက်ရှိ ၎င်း၏ ယောက်ဖဖြစ်သူမှာလည်း ဒဏ်ရာအပြင်းအထန်ရထားပြီး ဘူးသီးတောင်မြို့မဆေးရုံ၌ ဆေးကုသမှုခံယူနေကြောင်းပြောသည်။

> "ကျွန်တော့်ယောက်ဖလည်း ပစ်ခတ်မှုတွေကြားမှာဒဏ်ရာရသွားတယ်။ သူ့ရဲ့ ဒူးခေါင်းလည်း စုတ်ပြတ်သွားပြီး ပေါင်ရင်းမှာဆို ဒဏ်ရာအပေါက်တွေ အများကြီးပဲ။ ကျွန်တော် ဆေးရုံမှာတွေ့ခဲ့တဲ့ နောက်ရိုဟင်ဂျာတစ်ယောက်ဆိုရင် ရင်ဘတ်မှာရော လက်မောင်းမှာရော ကျောကုန်းနဲ့ ခေါင်းမှာပါ ဒဏ်ရာတွေချည်းပဲ။ တခြားသူတွေဆိုရင် ခြေတွေလက်တွေပါ မရှိတော့ဘူး။ အများစုကတော့ ခြေထောက်မရှိကြတော့တာ များတယ်။"

ဖုံညိုလိပ်ရွာမှ ၂၉ နှစ်အရွယ် ထွက်ပြေးလွတ်မြောက်လာသူတစ်ဦးကလည်း ဇန်နဝါရီလ ၂၆ ရက်နေ့ ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ Fortify Rights ကို ပြောကြားခဲ့သည်မှာ -

> "မနက် ၉နာရီခွဲဝန်းကျင် ပစ်ခတ်မှုတွေ ခဏရပ်သွားတဲ့ အချိန်လောက်မှာ ဒဏ်ရာရသူတွေကို စစ်ဆေးဖို့ ကျွန်တော်နဲ့ တခြားရွာသားတွေ ရွာကိုပြန်သွားခဲ့တယ်။ ဗုံးက မိသားစုတစ်စုကို မှန်သွားပြီး ဆာဒက်နဲ့ ဖာရွတ် (Sadek and Faruk) လို့ခေါ်တဲ့ လူနှစ်ယောက် သေသွားတယ်။ သူတို့ ခြေထောက်တွေဆို ကြေမွနေတာပဲ။ ဖာရွတ်ရဲ့ အဖွားလည်းဆုံးသွားပြီး သူမဆို ခေါင်းတောင်မရှိတော့ဘူး။ ကျွန်တော် တွေ့လိုက်ရတာတော့ ဦးနှောက်တွေပဲ။ အဲ့ဒီနေရာနဲ့ မလှမ်းမကမ်းလောက်မှာပဲ လာလား (Lala) ရဲ့ဇနီးဖြစ်သူ ရှောင်ရှုနာ (Shonshuna) လို့ခေါ်တဲ့ အမျိုးသမီးတစ်ယောက်လည်း ဆုံးသွားတယ်။ သူမရဲ့ခေါင်းဆို ကြေနေပြီး ဦးရေခွံဆို ရှိတောင်မရှိတော့ဘူး။ သူ့ခန္ဓာကိုယ် ပတ်ပတ်လည်ဆို သွေးတွေချည်းပဲ။"

ဖုံညိုလိပ်ရွာမှာနေထိုင်တဲ့ ၃၅ နှစ်အရွယ် ရိုဟင်ဂျာဒေသခံတစ်ဦးမှ Fortify Rights ကို ဤတိုက်ခိုက်မှု ဒုတိယမြောက်ရက်နှင့်ပတ်သက်၍ ဖော်ပြပုံမှာ -

> "ဒီဖြစ်စဉ်က ၂၀၂၄ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့ ညနေ ၄ နာရီ ဖုံညိုလိပ်ရွာမှာ စတင်ခဲ့တာ။ အဲ့ဒီအချိန် ကျွန်တော်က ဖုံညိုလိပ်က ကျွန်တော့်အိမ်မှာ ရှိနေပြီး စစ်ကောင်စီဘက်က အမြောက်တွေနဲ့ စပစ်တော့ ကျွန်တော်တို့ရွာထဲက အိမ်တစ်အိမ်ကို ထိသွားတယ်။ တစ်ယောက်သေပြီး လေးယောက်ဒဏ်ရာရသွားတယ်။ မနက် ၃ နာရီခွဲ ဝန်းကျင်လောက်မှာ စစ်ကောင်စီတပ်ရဲ့ အမြောက်ကျည်ဟာ နောက်ထပ် အိမ်တစ်အိမ်ကို ကျသွားပြီး လူသုံးယောက်သေဆုံးခဲ့တယ်။"

"ခြေမြန်တပ်မ ၂၂ က အမြောက်တွေပစ်ခဲ့တဲ့ အဓိကတပ်မဖြစ်တယ်" လို့ အသက်ရှင်ကျန်ရစ်သူတစ်ဦးက Fortify Rights ကိုပြောကြားလာပါတယ်။ တပ်မ ၂၂၊ ခမရ ၅၅၁ နှင့် စကခ ၁၅ တို့သည် ဖုံညိုလိပ်နှင့် ဒပြုချောင်း ဒေသတို့၌ စခန်းချထားသည်။

မျက်မြင်သက်သေတစ်ဦးဖြစ်သူ အခြားနယ်ခံတစ်ဦးမှ ဇန်နဝါရီလ ၂၇ ရက်နေ့၌ ဖြစ်ပွားခဲ့သည့် ပစ်ခတ်မှုကြောင့် ပြည်သူတို့၏ စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ပြောပြပုံအရ ဈေးအနောက်ဘက်ရှိ ၂ ရပ်ကွက်တွင် နေအိမ် ၁၃ လုံး၊ ကျောင်းအနီး ၁၃ ရပ်ကွက်၌ အိမ်ခြေ ၂၈ ခန့်သည် အမြောက်ပစ်ခတ်မှုကြောင့် မီးရှို့ဖျက်ဆီးခံခဲ့ရကြောင်း သိရသည်။

မြန်မာ့တပ်မတော်၏ အကြမ်းဖက်မှုများသည် ဖုံညိုလိပ်ရွာကိုသာမက အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများအပေါ်ပါ သက်ရောက်ခဲ့သည်။ ထိုဒေသရှိ ဒဏ်ရာရ ရိုဟင်ဂျာများနှင့် ရွှေ့ပြောင်း ရိုဟင်ဂျာများကို ပါဝင်ကူညီပေးနေသည့် ဘူးသီးတောင်မှ လူ့အကျိုးဆောင် တစ်ဦး၏ပြောကြားချက်အရ -

> "ဒီကနေ့အထိ ကျွန်တော်တို့စုဆောင်းထားတဲ့ အချက်အလက်တွေအရ AA နဲ့ စစ်ကောင်စီကြားက ပဋိပက္ခတွေကြောင့် ဖုံညိုလိပ်နဲ့ အနီးတစ်ဝိုက် ကျေးရွာတွေက ရိုဟင်ဂျာပေါင်း ၁၅,၀၀၀ ကျော်လောက် သူတို့ရွာတွေကနေ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရတယ်။ ဒါတွေအားလုံးဟာ ရက်သတ္တပတ် အတွင်းမှာ ဖြစ်ပွားခဲ့တာပါ။"

မြန်မာစစ်ကောင်စီရဲ့ လက်ရှိဖြစ်ပျက်နေတဲ့ မြန်မာလူထုအပေါ် တိုက်ခိုက်မှုတွေဟာ တစ်နိုင်ငံလုံး၌ ဖြစ်ပွားနေပြီး မြန်မာနိုင်ငံရှိ တိုင်းရင်းသား လူမျိုးပေါင်းစုံကိုပါ သက်ရောက်နေတယ်လို့ Fortify Rights မှ ပြောကြားခဲ့ပါသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၀ ရက်နေ့တွင် ကုလသမဂ္ဂ အထက် ကော်မရှင် လူ့အခွင့်အရေးအဖွဲ့ဝင် Volker Türk က မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပွားနေသည့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှု၊ အထူးသဖြင့် ဖုံညိုလိပ်ရွာ ဗုံးကြဲတိုက်ခိုက်ခံရခြင်းနဲ့ ပတ်သက်၍ စာတမ်းတစ်စောင် ပြုစုခဲ့ရာ "ရက္ခိုင့်တပ်တော်နှင့် မြန်မာ့စစ်ကောင်စီတပ်မတော်ကြား တိုက်ခိုက်မှုတွေကြောင့် အနည်းဆုံး ရိုဟင်ဂျာ ဒေသခံ ၁၂ ယောက် သေဆုံးပြီး အယောက် ၃၀ ဒဏ်ရာရကြောင်း သိရှိခဲ့ရပါတယ်။" ကော်မရှင်အဖွဲ့ဝင် Türk က ဆက်လက်၍ “မဆင်မခြင် ပစ်ခတ်ခြင်းနှင့် လေကြောင်းတိုက်ခိုက်မှုတွေဟာ တိုက်ပွဲမဖြစ်ပွားမီ အရပ်သားများအား အန္တရယ်မှ လွတ်မြောက်စေနိုင်ရန် ကြိုတင်အသိပေးမည့် အခြေခံဆက်သွယ် ရေးလိုင်းများ ပြတ်တောက်ခြင်း အပါအဝင် မြေပြင်ပေါ် ရှိ အရပ်သားများကို ကာကွယ်ရန် အစီအမံများ ကင်းမဲ့နေခြင်းကို အလေးပေးဖော်ပြနေသည်။”

ကုလသမဂ္ဂ အထက် ကော်မရှင် လူ့အခွင့်အရေးအဖွဲ့ဝင်ဌာနအရ “ရခိုင်ပြည်နည်ရှိ မြို့နယ် ၁၇ ခုအများစု အပါအဝင် အချို့သော မြို့နယ် ၇၄ ခု၌ ဆက်သွယ်ရေးနှင့် အင်တာနက်ဝန်ဆောင်မှု တစိတ်တစ်ပိုင်း သို့မဟုတ် တစ်ခုလုံးပြတ်တောက်မှုတွေ ကြုံတွေ့နေရပါတယ်” လို့သိရှိရပါတယ်။

၂၀၁၆၊ ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ် မြောက်ဘက်၌ ရိုဟင်ဂျာ လူမျိုးတုန်းသတ်ဖြတ်မှုများကို မြန်မာစစ်တပ်က ဦးဆောင်လုပ်ဆောင်ခဲ့ပြီး အသက်ရှင်ကျန်ရစ်သူ ရိုဟင်ဂျာလူမျိုးစု ၇ သိန်းကျော်ကို ဘင်္ဂလားဒေ့ရှ် သို့ အတင်းအကျပ် ပို့ဆောင်ခဲ့သည်။

၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာစစ်တပ်သည် နိုင်ငံတွင် အသေအပျောက်အများဆုံး ဖြစ်ခဲ့သည့် စက်ဆုပ်ဖွယ်စစ်အာဏာသိမ်းမှုအားစတင်ခဲ့ရာ နိုင်ငံ့အာဏာထိန်းသိမ်းရန်အတွက် မရေတွက်နိုင်လောက်အောင်ပင် လူအများအပြားအား သတ်ဖြတ်ခဲ့ပြီး သောင်းနဲ့ချီ၍ အကျဉ်းချခဲ့သည်။

စစ်အာဏာရှင်တို့၏ ပြည်သူများအပေါ် တိုက်ခိုက်မှုများမှာ ဆက်လက်ဖြစ်ပွားခဲ့ပြီး လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှုများနှင့် စစ်ရာဇဝတ်မှုများ အထမြောက်သည်။

အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေသည် (စစ်ပွဲဆိုင်ရာဥပဒေများဟုလည်းသိကြသည်) နိုင်ငံတကာ မဟုတ်သော လက်နက်ကိုင်ပဋိပက္ခ ပါဝင်သည့် ရခိုင်ပြည်နယ်၏ အခြေအနေ၊ ပိုမိုကျယ်ပြန့်သော မြန်မာနိုင်ငံတော်လှန်ရေးနှင့် သက်ဆိုင်မှုရှိသည်။ အထူးသဖြင့် ဂျီနီဗာသဘောတူညီချက်များသည် လက်နက်ကိုင် ပဋိပက္ခ၏ ဆောင်ရွက်မှုများတွင် စည်းကမ်းနှင့် အညီလိုက်နာရမည့် အခြေခံစည်းမျဉ်းများကိုချမှတ်ခဲ့သည်။ ဂျီနီဗာသဘောတူညီချက်စာချုပ်၏ အပိုဒ် ၃ ၌ နိုင်ငံတကာ အရေးခင်းမဟုတ်သော လက်နက်ကိုင်ပဋိပက္ခတွင် အရပ်သားများအား အကာကွယ်ပေးသည်ဟု အောက်ပါအတိုင်းဖော်ပြထားသည်။

> စစ်မက်ပြုရာတွင် တက်ကြွစွာပါဝင်ခြင်းမရှိသူများဖြစ်သည့် လက်နက်ချထားသည့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲအတွင်း ထိခိုက်ဒဏ်ရာကြောင့် တိုက်ပွဲမှ အနားယူရသူများကို လူမျိုး၊ အသားအရောင်၊ ဘာသာ၊ ယုံကြည်ကိုးကွယ်မှု၊ ကျား၊ မ မရွေး၊ မွေးဖွားကြီးပြင်းမှု သို့မဟုတ် ချမ်းသာကြွယ်ဝမှုကြောင့်သော်လည်းကောင်း အခြားအလားတူ စံနှုန်းသက်မှတ်ချက်များအပေါ်ကြောင့် သော်လည်းကောင်း အခြေခံသည့် ခြားနားမှုမျိုး အလျဉ်းမရှိဘဲ မည့်သည့် အခြေအနေမျိုးတွင်မဆို လူသားဆန်စွာ ဆက်ဆံရမည်။

စစ်ပွဲဆိုင်ရာ ဥပဒေအောက်တွင် ပဋိပက္ခ အတွင်းပါဝင်သော ပါတီများသည် အရပ်သား၊ "အရပ်သားဆိုင်ရာ အရာဝတ္ထုများ" (စစ်ဘက် ရည်ရွယ်ချက် အတွက် အသုံးမပြုသောအိမ်များနှင့် ဆေးရုံများကဲ့သို့) နှင့် အခြားတစ်ဖက်တွင်လည်း တိုက်ပွဲဝင်သူများ နှင့် "စစ်ရေးဆိုင်ရာ အရာဝတ္ထုများ" အကြားခွဲခြားစေရန် လိုအပ်သည်။ အရပ်သားနှင့် အရပ်သားဆိုင်ရာ အရာဝတ္ထုများ အား ပစ်မှတ်ထားသည့် တိုက်ရိုက် တိုက်ခိုက်မှုများနှင့် မဆင်မခြင်တိုက်ခိုက်မှု နှစ်ခုစလုံးကို စစ်ဥပဒေအရ ရှင်းလင်းစွာတားမြစ်ထားသည်။

စစ်ပွဲဆိုင်ရာ ဥပဒေသည် လက်နက်ကိုင်ပဋိပက္ခတွင် အရပ်သားနှင့် အရပ်သားဆိုင်ရာ အရာဝတ္ထုများ ထိခိုက်မှု အနည်းဆုံး ဖြစ်စေရန်ကြိုတင်ကာကွယ်မှုနည်းလမ်းများကို လက်နက်ကိုင်ပါတီဝင်အားလုံး

ဆောင်ရွက်ရန် လိုအပ်သည်။ အဆိုပါ အခြေအနေများခွင့်ပြုသည့်အခါ အရပ်သားများအား ထိရောက်သော သတိပေးချက်တို့ပေးခြင်းတို့ပါဝင်သည်။

ထို့အပြင် ရောမသဘောတူစာချုပ် (Rome Statute) ပါအပိုဒ် ၈(၂)(ဂ)(၁) ပြဋ္ဌာန်းသည်မှာ "စစ်မက်ပြုရာတွင် တက်ကြွစွာပါဝင်ခြင်းမရှိသည့် လူများအား ဆန့်ကျင်၍ ကျူးလွန်သည့် အသက်အန္တရာယ်ခြိမ်းခြောက်မှု၊ သတ်ဖြတ်မှုအားလုံးသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေအား ပြင်းထန်စွာ ဖောက်ဖျက်သည်ဟု ယူဆရပြီး စစ်ရာဇဝတ်မှု မြောက်နိုင်သည်။ အလားတူစွာ သဘောတူစာချုပ်၏ အပိုဒ် ၈ (၂)(င)(၁)အရ နိုင်ငံတကာအရေးခင်းမဟုတ်သော လက်နက်ကိုင် ပဋိပက္ခတွင် ပြည်သူလူထုအပေါ် သို့မဟုတ် စစ်ရေးစစ်ရာတွင် တိုက်ရိုက်ပါဝင်ခြင်းမရှိသည့် ပြည်သူတစ်ဦးချင်းစီကို ရည်ရွယ်ချက်ရှိရှိ တိုက်ရိုက်တိုက်ခိုက်မှုများသည် စစ်ရာဇဝတ်မှုများနှင့် ညီမျှသည်။

ဤစုံစမ်းသတ်မှတ်ချက်များအရ ဖုန်ညိုလိပ်ရွာရှိ ပြည်သူများအပေါ် တိုက်ခိုက်မှုများသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာ ထောက်ထားမှု ဥပဒေအပြင် နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ ဥပဒေကိုလည်း ဖောက်ဖျက်ရာ ရောက်နိုင်သည်။

ရောမစာချုပ် (Rome Statute) ၏ အပိုဒ် ၁၄ အရ ICC အဖွဲ့ဝင်နိုင်ငံများကို ကျူးလွန်သည့် နိုင်ငံတကာ ရာဇဝတ်မှုများအား တရားရုံး၏ စီရင်ပိုင်ခွင့် ဘောင်အတွင်း စုံစမ်းစစ်ဆေးရန် အစိုးရရှေ့နေအား တောင်းဆိုရန် ပြဋ္ဌာန်းထားသည်။ မြန်မာနိုင်ငံသည် ICC အဖွဲ့ဝင်နိုင်ငံမဟုတ်သော်လည်း ဒီမိုကရေစီနည်းဖြင့် ရွေးကောက်တင်မြှောက်ထားသော ခေါင်းဆောင်များကို ကိုယ်စားပြုသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အနေဖြင့် ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် တရားရုံး၏ မှတ်ပုံတင်အရာရှိထံ ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁ရက်နေ့က စတင်၍ နောင်ကာလများထိတိုင် မြန်မာပိုင်နက်မြေပေါ် ကျူးလွန်ခဲ့တဲ့ နိုင်ငံတကာ ရာဇဝတ်မှုတွေနဲ့ ပတ်သက်ပြီး တရားစီရင်ပိုင်ခွင့်ကို လက်ခံသည့် ကြေညာချက် ၁၂(၃)ကို လျှောက်ထားခဲ့သည်။

ဖုန်ညိုလိပ်ရွာသည် ရခိုင်ပြည်နယ် မြောက်ဘက် ဘူးသီတောင်မြို့နယ်၏ အရှေ့တောင်ဘက်ပိုင်းတွင် တည်ရှိသည်။ တိုက်ခိုက်မှုများ မဖြစ်ပွားမီ ဖုန်ညိုလိပ်ရွာ၏ ခန့်မှန်းခြေ လူဦးရေမှာ ၈,၈၅၀ ဖြစ်ပြီး

လူအများစုမှာ ရိုဟင်ဂျာလူမျိုးဖြစ်၍ အာရကန်နိစ် ခေါ် ရခိုင်တိုင်းရင်းသားလူမျိုး အချို့လည်း ပါဝင်သည်။

"မြန်မာပြည်မှာ ဖြစ်ပေါ်နေတဲ့ပဋိပက္ခများဟာ ရိုဟင်ဂျာအပါအဝင် ပြည်သူများကို မမျှမတ သက်ရောက်မှုရှိနေပြီး၊ နိုင်ငံတကာရာဇဝတ်မှုကျူးလွန်သူများအား တာဝန်ခံမှုရှိစေရန် မဖြစ်မနေ လုပ်ဆောင်ရမယ်" ဟု John Quinley မှပြောကြားခဲ့သည်။ "လက်နက်ကိုင်စစ်တိုက်နေသူများ အားလုံးဟာ ပြည်သူများကို ဦးစားပေးအနေဖြင့် အလျင်အမြန် ကာကွယ်ရန်လိုအပ်ပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း မြန်မာ့တပ်မတော်ကို ကမ္ဘာလုံးဆိုင်ရာလက်နက်ပိတ်ဆို့မှုဖြင့် အရေးယူခြင်းအားဖြင့် မြန်မာ့တပ်မတော်ကကျူးလွန်နေတဲ့ ခြောက်ချားဖွယ်ရာတိုက်ခိုက်မှုများကို အဆုံးသတ်စေရပါမယ်။"

**သတင်းအချက်အလက်များပိုမိုသိရှိလိုပါက ဆက်သွယ်ရန်**


**Ejaz Ahmed**, Human Rights Associate, Fortify Rights

ဘာသာစကားများ - မြန်မာ၊ အင်္ဂလိပ်

+1 323 7040 220 (Signal, Whatsapp)

အီးမေးလ် - ejaz.ahmed@fortifyrights.org

**Pavani Nagaraja Bhat**, Investigations Associate, Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်၊ ဟင်ဒီ

+91 807 323 7136 (Signal, WhatsApp)

အီးမေးလ် - Pavani.Nagarajabhat@fortifyrights.org

တွစ်တာ/X - @Curly_friess, @FortifyRights

**John Quinley III**, Director, Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်

+66 62 814 1130 (Signal, Whatsapp)
အီးမေးလ် - John.Quinley@FortifyRights.org
တွစ်တာ/X - @john_hq3, @FortifyRights